ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**သစ်တောဦးစီးဌာန**

အမိန့်ကြော်ငြာစာအမှတ်(၁၃၂၃ /၂၀၂၁)

၁၃၈၃ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

၁။ ၂၀၂၁ ခုနှစ်၊ မေလ(၁၃)ရက်နေ့တွင် ကျင်းပသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၁၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ သစ်တောနယ်မြေအတွင်းရှိ ပုဂ္ဂလိက (ကျွန်း၊ သစ်မာ) သစ်တောစိုက်ခင်းများ၊ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်သည့် ပုဂ္ဂလိက(ကျွန်း၊သစ်မာ)သစ်တောစိုက်ခင်းများ၊ သစ်တောမြေပြင်ပတွင် စိုက်ပျိုးထားပြီး သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိက (ကျွန်း၊ သစ်မာ)စိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (သဘာဝတော/ စိုက်ခင်း) များမှ နောက်ဆုံးတောထွက်ထုတ်ယူပြီး ပြည်တွင်း/ပြည်ပသို့ ရောင်းချခြင်းအတွက် သစ်တောဦးစီးဌာနသို့ ပေးဆောင်ရမည့် ဂေဟာစနစ်ဝန်ဆောင်ခကို အောက်ပါအတိုင်းသတ်မှတ်လိုက်သည်-

(က) သစ်တောနယ်မြေအတွင်းရှိ ပုဂ္ဂလိက(ကျွန်း၊ သစ်မာ-တင်ဒါအပါအဝင်) သစ်တောစိုက်ခင်းများမှ သစ်တောထွက်ပစ္စည်းထုတ်လုပ်ခြင်းအတွက် အခွန်ငွေကောက်ခံမည်ဖြစ်ပြီး နောက်ဆုံးတောထွက်ကို ပြည်တွင်း/ပြည်ပသို့ ရောင်းချရာတွင် စုစုပေါင်း တန်ဖိုး၏ ၅% ကို ဂေဟာစနစ်ဝန်ဆောင်ခအဖြစ် သစ်တောဦးစီးဌာနသို့ ပေးဆောင်ရန်၊

(ခ) သစ်တောနယ်မြေပြင်ပတွင် စိုက်ပျိုးထားသည့် ပုဂ္ဂလိက(ကျွန်း/သစ်မာ)သစ်တောစိုက်ခင်းများမှ ကြားတောထွက် (သစ်၊ တိုင်၊ မျော)နှင့် နောက်ဆုံးတောထွက်ကို ပြည်တွင်း/ပြည်ပသို့ ရောင်းချခြင်းနှင့်ပတ်သက်၍ သစ်တောထွက်ပစ္စည်းထုတ်လုပ်ခြင်းအတွက် အခွန်ငွေကောက်ခံမည်ဖြစ်ပြီး ၎င်းတို့ပိုင်မြေတွင် စိုက်ပျိုးခြင်းတို့ကြောင့် ဂေဟာစနစ်ဝန်ဆောင်ခကောက်ခံခြင်းမပြုရန်၊

(ဂ) သစ်တောနယ်မြေအတွင်းရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (သဘာဝတော) များမှ သစ်တောထွက်ပစ္စည်းထုတ်လုပ်ခြင်းအတွက် အခွန်ငွေကောက်ခံမည်ဖြစ်ပြီး နောက်ဆုံးတောထွက်ကို ပြည်တွင်း/ပြည်ပသို့ ရောင်းချရာတွင် စုစုပေါင်း တန်ဖိုး၏ ၅% ကို ဂေဟာစနစ်ဝန်ဆောင်ခအဖြစ် သစ်တောဦးစီးဌာနသို့ ပေးဆောင်ရန်၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော(စိုက်ခင်း)မှ သစ်တောထွက်ပစ္စည်း

ထုတ်လုပ်ခြင်းအတွက် အခွန်ငွေကောက်ခံမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပသို့ ရောင်းချရာတွင် ဂေဟာစနစ်ဝန်ဆောင်ခ ကောက်ခံခြင်းမပြုရန်၊

(ဃ) သစ်တောနယ်မြေပြင်ပရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (သဘာဝတော/စိုက်ခင်း)များမှ နောက်ဆုံးတောထွက် ထုတ်ယူပြီး ပြည်တွင်း/ပြည်ပသို့ ရောင်းချရာတွင် သစ်တောထွက်ပစ္စည်းထုတ်လုပ်ခြင်းအတွက် အခွန်ငွေကောက်ခံမည် ဖြစ်ပြီး ၎င်းတို့ပိုင်မြေတွင် စိုက်ပျိုးခြင်းတို့ကြောင့် ဂေဟာစနစ်ဝန်ဆောင်ခ ကောက်ခံခြင်းမပြုရန်။

၂။ စာချုပ်ချုပ်ဆိုပြီးသော စိုက်ခင်းအမျိုးအစားအလိုက် ပုဂ္ဂလိကစိုက်ခင်းများသည် ဤအမိန့်ကြော်ငြာစာပါ သတ်မှတ်ထားသည့် ဂေဟာစနစ်ဝန်ဆောင်ခ ကို သစ်တောဦးစီးဌာနသို့ ပေးဆောင်ရန် စာချုပ်ပြန်လည်ပြင်ဆင်ချုပ်ဆို ရမည်ဖြစ်ပြီး စာချုပ်ပြန်လည်ပြင်ဆင် ချုပ်ဆိုခြင်း မရှိပါက ယခင်ချုပ်ဆိုထားခဲ့သည့် စာချုပ်ပါစည်းကမ်းချက်တွင်ပါရှိသော သတ်မှတ်နှုန်းထားအတိုင်း ဂေဟာစနစ်ဝန်ဆောင်ခကို ပေးဆောင်ရမည်ဖြစ်သည်။

၃။ ဂေဟာစနစ်ဝန်ဆောင်ခသတ်မှတ်နှုန်းသည် ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ဒေါက်တာညီညီကျော်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

စာအမှတ် ၊ လင/စခ/ဝ၁၄/ကျွန်း(၅၄၁၄ /၂၀၂၁)
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုဝန်ကြီးရုံး၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန
ပါမောက္ခချုပ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်

ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုနယ်မြေ/...................... တိုင်းဒေသကြီး/ပြည်နယ်၊ သစ်တောဦးစီးဌာန

ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်မြို့

ကျောင်းအုပ်ကြီး၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန၊ မှော်ဘီမြို့

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်)

အမိန့်ကြော်ငြာစာတွဲ

မျှောစာတွဲ

ရုံးလက်ခံ

အမိန့်အရ

၂၅.၈.၂၀၂၁

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

{ခင်မောင်ထွေး-၁၊ ညွှန်ကြားရေးမှူး(သဘာဝတော/စိုက်ခင်း)}

25/8